
နှင်းသွေးသဒ္ဒါ
Although the trip was rough
(Chapter - 7)

(61)

[နူးညံ့ညင်သာသောအနမ်းများ]

ရှယ်နမ်သည် အမည်မသိ ကျင့်ကြံသူဆရာတစ်ယောက်ကို ကုသပေးပြီးနောက် ဆရာကြီးမိထားသော အဆိပ်က ထကြွစေသူက သူ့ကိုတစ်ညတုန်းက လာတွေ့သော လူတစ်ယောက်ဖြစ်နိုင်ကြောင်း သိခဲ့ရသည်။

အဲဒီလူက ဘယ်သူလဲဆိုတာတော့ ထိုဆရာကလည်း မသိဘူးလို့ဆို၏။ အကြောင်းမှာ တစ်ဖက်လူရဲ့ မျက်နှာကို သေချာမမြင်လိုက်ရဘဲ ထိုလူက သူနဲ့ဒီအတိုင်း မိတ်ဖွဲ့ရင်း ကျားကစားခဲ့ကြတယ်တဲ့။

ထိုဂိုဏ်းချုပ်ကပဲ လိမ်နေတာလား မိတ်လာဖွဲ့သွားသူကပဲ တော်နေတာလားတော့မသိပေ။ ရှယ်နမ် ပိုင်သွမ့်ထင်ကို ပြောထားတဲ့အတိုင်း အိမ်ကို မြန်မြန် ပြန်လာခဲ့သည်။

သူပြန်ရောက်တော့ တခြားခြံဝန်းထဲမှာ ပိုင်သွမ့်ထင်က မော့ယွီပင်းကို စစ်ဆေးမေးမြန်းခြင်း လုပ်နေတာကြောင့် ရှယ်နမ်လည်း အလကားမနေဘဲ ကျင့်ကြံနေဖို့ အခန်းထဲဝင်သွားလိုက်၏။

ပိုင်သွမ့်ထင် - "ဘာလို့ကိုယ့်ကို အသိမပေးတာလဲ... တကယ်လို့ မော့ထန်းအိမ်တော်ကနေ ဆင်းလာသူက ကောင်းကင်အဆင့် တစ်ယောက်တည်းမဟုတ်ဘူးဆိုရင် မင်းဘယ်လိုလုပ်မလဲ?"

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ရအောင်တိုက်ရမှာပဲ... မဟုတ်ရင်လည်း ထွက်ပြေးရုံပေါ့"

"ရှောင်ပင်း!"

မော့ယွီပင်း ဝတ်ရုံအဖြူကြီးကို ခေါက်ပြီး သိမ်းဖို့လုပ်နေရာမှ ရပ်တန့်သွားသည်။ သူလှည့်ကြည့်တော့ ပိုင်သွမ့်ထင်က သူ့ကိုအေးစက်စွာနဲ့ စိုက်ကြည့်နေ၏။ မော့ယွီပင်းလည်း ဒေါသထွက်သွားကာ။

"ကျွန်တော်ဘာလုပ်လုပ် ခင်ဗျားကို တိုင်ပင်နေစရာမှ မလိုတာ...."

"ဘာကြောင့်မလိုတာလဲ?"

"ကျွန်တော်တို့က....ကျွန်တော်တို့... ဘာပဲဖြစ်ဖြစ် သူတို့က ရှွယ်နမ်ကို တမင်ဒုက္ခပေးချင်လို့ ရောက်လာတာ ကျွန်တော်ထွက်ပြီး မကူညီရင် ရှွယ်နမ် ပြဿနာတက်သွားလိမ့်မယ်..."

"မင်းသူ့ကို ပြဿနာမတက်စေချင်လို့ သွားတာ သေချာလား!"

မော့ယွီပင်း သူ့လက်ထဲက ဝတ်ရုံကိုစားပွဲပေါ် ပစ်ချလိုက်သည်။

"ဘာတွေသဝန်တိုနေတာလဲ?"

"မင်း ကိုယ်သဝန်တိုတတ်မှန်းတော့ သိတယ်ပေါ့?"

"....ကျွန်တော်.... "

သူတို့နှစ်ယောက် ရန်ဖြစ်နေခဲ့တာ မဟုတ်ဘူးလား။ ဘယ်လိုလုပ် အဲဒီခံစားချက်တွေဘက် ရောက်သွားတာလဲ။

ပိုင်သွမ့်ထင်ရဲ့ နက်နဲစွာ စိုက်ကြည့်နေတဲ့ မျက်လုံးတွေအောက်မှာ မော့ယွီပင်းနားရွက်တွေ ရဲလာပြီး မနေတတ်တော့ပေ။ ထို့ကြောင့် သူပစ်ချထားတဲ့ ဝတ်ရုံကိုယူကာ အိပ်ခန်းထဲ ဝင်သွားတော့သည်။

အိပ်ခန်းထဲရောက်မှ သူ့ခြေလှမ်းတွေ ရပ်သွား၏။ အနောက်ကိုလှည့်ကြည့်တော့ ပိုင်သွမ့်ထင် သူ့နောက်လိုက်မလာချေ။ ပိုင်သွမ့်ထင် တကယ်စိတ်ဆိုးသွားတာလား။ တကယ်တော့သူက ရှွယ်နမ်ကို စိတ်ပူလို့လိုက်သွား

တာလေ။

မော့ထန်းအိမ်တော်က ရွှယ်နမ်ကို သိသိသာသာ ပစ်မှတ်ထားနေတာ။ အခုကိစ္စကလည်း သူတို့ကြိုတင် ကြံစည်ထားခဲ့တာပဲ။ အိမ်တံခါးဝမဗာ ဟို လူအသံကြားတော့ မော့ယွီပင်းလည်း မထိန်းနိုင်ဘဲ လိုက်သွားဖို့ ဆုံးဖြတ် လိုက်တာ။

ပြီးတော့ အဲဒီလူကသူ့အဖေကို လုပ်ကြံဖို့ လုပ်ခဲ့တာလေ။ သူဘယ်လိုလုပ် သည်းခံနိုင်မှာလဲ။ သူဘယ်သူလဲဆိုတာ မသိအောင်လည်း ဝတ်ရုံနဲ့ဖုံးထားခဲ့ သည်လေ။ မော့ထန်းအိမ်တော်က သူအသက်ရှင်နေတာကို သေချာပေါက် သိမှာမဟုတ်သေးဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ပိုင်သွမ့်ထင်က သူ့ကိုစိတ်ပူနေပုံပါပဲ။ မော့ယွီပင်း ဝတ်ရုံကိုသိမ်းကာ အပြင်ပြန်ထွက်လာတော့ ပိုင်သွမ့်ထင်သည် သူ့ပုံစံ အတိုင်း လက်နှစ်ဖက်နောက်ပစ်လျက် ပြတင်းပေါက်တွင် ရပ်နေသည်။

မော့ယွီပင်း ထိုလူဆီကို လျှောက်သွားလိုက်ပြီး အင်္ကျီလက်ကို ဆုပ်ကိုင် လိုက်သည်။

"ခင်ဗျား စိတ်ဆိုးနေတာလား... "

ပိုင်သွမ့်ထင် ပြန်မဖြေပေ။ သူက ကောင်းကင်ကိုသာ စိုက်ကြည့်နေသည်။ သူပြန်စဉ်းစားနေမိတာက သူနဲ့မော့ယွီပင်းက ဘယ်လိုဆက်ဆံရေးလဲ ဆို တာ။ သူ မော့ယွီပင်းကို ပိုင်ဆိုင်ထားချင်ပေမယ့် မော့ယွီပင်းကရော သူ့ကို ပိုင်ဆိုင်ခွင့် ပေးပါ့မလား။

"ကျွန်တော်က ရွှယ်နမ်ကို ညီလေးလိုသဘောကျတာပါ...သူ့ဘဝက ငယ် ငယ်ကတည်းက ခက်ခဲခဲ့တာ အခုအချိန်မှာ မော့ထန်းအိမ်တော်ကလည်း သူ့ကိုသတ်ချင်နေတာ... ဒီနေရာမှာ ရှင်သန်ဖို့အတွက် သူ့မှာနောက်ခံ

အင်အားလိုတယ် ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်က သူ့မိတ်ဆွေအနေနဲ့ ကူညီသင့်တယ်လို့ ထင်တယ်"

နောက်ဆုံးတော့ ပိုင်သွမ့်ထင်က လှည့်ကြည့်လာသည်။ သူက မော့ယွီပင်းရဲ့ လက်ဆယ်ချောင်းစလုံးကို ဆုပ်ကိုင်လိုက်ပြီး ဖြူစင်လွန်းတဲ့ လူသားလေးရဲ့နဖူးကိုနမ်းလိုက်သည်။

မော့ယွီပင်း မသိစိတ်ကြောင့် နောက်ဆုတ်ချင်သော်လည်း သူ့နှလုံးသားကတော့ မတွန်းလှန်နိုင်ချေ။ သူ့နဖူးက နွေးထွေးတဲ့ နှုတ်ခမ်းရဲ့အထိအတွေ့ကို ခံစားမိသည်။ အနွေးဓာတ်က သူ့နှလုံးသားထဲထိ စီးဝင်သွားပြီး နှလုံးသားကို သာမန်ထက်ခုန်ပေါက်လာစေ၏။

မော့ယွီပင်း ထိုလူအား မော့ကြည့်လိုက်သည်။

"ခင်ဗျား....."

ပိုင်သွမ့်ထင် သူ့ကိုနမ်းဖို့ ငုံ့လာ၏။ မော့ယွီပင်း မသိလိုက်ဘဲ သူ့မေးဖျားကို အလိုလိုမော့ပေးရင်း ပိုင်သွမ့်ထင်ရဲ့ နှုတ်ခမ်းတွေနဲ့ ထိတွေ့သွားစေမိသည်။ မော့ယွီပင်း ပိုင်သွမ့်ထင်လက်မောင်းတွေကို ဆုပ်ကိုင်လိုက်သည်။

တစ်ဖက်လည်းက သူ့ခါးကိုဖက်လျက် သူတို့အကွာအဝေးကို ပိုနီးကပ်သွားစေ၏။ လျှာက မော့ယွီပင်းနှုတ်ခမ်းအတွင်း ကျူးကျော်လာရာ မော့ယွီပင်းလည်း အလိုက်သင့်ဖွင့်ဟရင်း နောက်ဆက်တွဲ အနမ်းတွေကို ခွင့်ပြုပေးလိုက်သည်။

သူတို့နှုတ်ခမ်းတွေ အချိန်အတိုင်းအတာ တစ်ခုအထိ ဆက်နွယ်ပြီးနောက် တဖြည်းဖြည်း ခွဲခွာသွားကြသည်။

ပိုင်သွမ့်ထင် - "နောက်တစ်ခါ တစ်ခုခုလုပ်တော့မယ်ဆို ကိုယ့်ကိုအရင်ပြောပြ...."

"အင်း"

"မော့ထန်းအိမ်တော်ကို ဖြိုချပြီးရင် ကိုယ်မင်းကိုအိမ်ခေါ်သွားမယ်"

"အိမ်? ခင်ဗျားရဲ့အိမ်လား?"

ပိုင်သွမ့်ထင်က ခေါင်းညိတ်ပြလိုက်သည်။ နှင်းမြူစိမ်းပြာတောင်က အရမ်းလှတယ်ဆိုတာကို မော့ယွီပင်းကို မပြောပြချင်သေးဘူး။ ဒီရန်ငြိုးတွေ ပြီးသွားမှ မော့ယွီပင်း ကောင်းကောင်းအနားယူလို့ရအောင် ခေါ်သွားပေးမည်။

......

သခင်၃နဲ့ ဆေးဆရာတို့ရဲ့ အလောင်းများ မော့ထန်းအိမ်တော်ကို ပြန်ရောက်သွားပြီးနောက် မော့ထန်းဂိုဏ်းတစ်ခုလုံး ဂယက်ထသွားတော့သည်။ ဤသို့ဖြင့် တံခါးပိတ်ကျင့်ကြံနေတဲ့ ဂိုဏ်းချုပ်ဟာလည်း အပြင်ထွက်လာဖို့ အကြောင်းဖန်လာတော့သည်။

သခင်၃ကို လွယ်လွယ်လေး သတ်ပစ်နိုင်တဲ့သူ ရွှယ်နမ်နောက်မှာရှိကြောင်း သိလိုက်ရသောအခါ မော့ထန်းအိမ်တော်လည်း လွယ်လွယ်ကူကူ မလှုပ်ရှားရဲတော့ဘဲ ဂိုဏ်းချုပ်ထွက်လာမယ့် အချိန်ကိုသာ စောင့်နေရတော့သည်။

၅ လဆိုတဲ့ အချိန်က ခဏလေးအတွင်း ကုန်ဆုံးသွားသည်။ ရှင်းလန်ရှို့က တစ်လပဲလို့ ပြောခဲ့ပေမယ့် တံခါးပိတ်ကျင့်ကြံတာ ငါးလကြာသွားခဲ့သည်။ ပထမတစ်လမှာတောလ ရွှယ်နမ် ဟိုလိုမ့်ဒီလိုမ့်နဲ့ မအောင့်နိုင် မအီးနိုင်ဖြစ်နေ၏။

မော့ယွီပင်းက ရှင်းလန်ရှို့က ကောင်းကင်အဆင့်ကိုပါ ကျော်လွှားဖို့ လုပ်နေကြောင်း သတိပေးမှ ရွှယ်နမ် သည်းမခံချင် ခံချင်နဲ့ သည်းခံလိုက်ရ

တော့သည်။

မော့ယွီပင်းက သူဓားသိုင်းကျင့်လို့ရအောင် သိုင်းကျမ်းများ ရေးသားပြုစုထားတဲ့ စာအုပ်တစ်အုပ် ထုတ်ပေးထားလို့ ရွှယ်နမ်လည်း အိမ်ထဲမှာပဲ အချိန်ကုန်နေခဲ့သည်။ သူ့ရဲ့ဓားသိုင်းပညာကလည်း တိုးတက်လာခဲ့ပြီ။

ရွှယ်နမ်ရဲ့ ငွေရောင်ဓားသည် ပိုင်သွမ့်ထင် သူ့ကိုလက်ဆောင်ပေးသော ဓားဖြစ်သည်။ သူ့အမေ အရင်ကဆို ဒီဓားကိုသုံးခဲ့ဖူးတယ်တဲ့လေ။ အဲဒါကြောင့်လည်း ရွှယ်နမ်ဓားကို အရမ်းသဘောကျနေခဲ့သည်။

အဖြူရောင်ပန်းဖတ်တွေ ဖြည်းညှင်းစွာ ကြွေကျနေသော ပန်းပင်ကြီးအောက်တွင် ရွှယ်နမ် ဓားသိုင်းကစားနေသည်။ အစိမ်းနုရောင် ဝတ်ရုံဖြင့် လက်ကောက်ဝတ်တွင်တော့ အစိမ်းရောင်ကြိုးတွေနဲ့ ရစ်ပတ်ထား၏။

ဝတ်ရုံလက်ရှည်နဲ့ ဓားသိုင်းကစားရတာ အလွန်မျက်စိနှောက်တာကြောင့် ဓားစကိုင်လိုက်ကတည်းက ဝတ်ရုံလက်စည်းကိုသာ ပြောင်းလဲဝတ်ဆင်ခဲ့လေသည်။ ပျော့ပြောင်းသော အနက်ရောင်ဆံနွယ်တွေက ဓားသိုင်းနဲ့အတူ ယိမ်းနွဲ့ကခုန်နေသည်။

ငါးလအတွင်းမှာ သူတစ်ခါမှ ဆံပင်မညှပ်ခဲ့သော မြင့်မြင့်မြှောက်စည်းထားတာတောင် သူ့ဆံပင်တွေက ခါးအထိရှိနေတုန်း။ ရွှယ်နမ် ပန်းပင်ရဲ့ ပင်စည်ကိုကန်၍ လေထုအလယ် ခုန်တက်ကာ ဓားသိုင်းကွက်များစွာကို ကစားနေသည်။

မြေပြင်မှ ပန်းဖတ်များသည် ရွှယ်နမ်ရဲ့ ဓားစွမ်းအား ဆွဲခေါ်ရာနောက်ကို အစုလိုက်ကြီး လွင့်ပါလာ၏။ ပန်းဖတ်များသည် မြွေတစ်ကောင်ကဲ့သို့ ရွှယ်နမ်ရဲ့ ခန္ဓာကိုယ်ကို ရစ်ပတ်ဖုံးလွှမ်းထားသည်။

ပန်းဖတ်တွေကြားမှာ ရွှယ်နမ် ဓားရဲ့စွမ်းအားများကို သေချာလေ့ကျင့်ပြီး

နောက် မြေပြင်သို့ ပြန်ဆင်းလာခဲ့သောအခါ ပန်းဖတ်များလည်း လွပစွာ ကြွေဆင်းသွားလေသည်။

"နမ်နမ်......"

တိတ်ဆိတ်သွားတဲ့ ခြံဝန်းထဲ ထွက်ပေါ်လာခဲ့သော အသံတစ်သံက ရွှယ်နမ်အား တောင့်တင်းသွားစေသည်။

ရှင်းလန်ရှို့ပဲ။ ဒီအသံက သူတစ်သက်လုံး နှလုံးသားထဲ စွဲနေမယ့်အသံ။ သူချစ်ရတဲ့သူ ငါးလတောင် သူစောင့်နေခဲ့ရတဲ့သူ။ သူနေ့နေ့ညည လွမ်းဆွတ်တမ်းတနေမိတဲ့ ယောကျ်ားတစ်ယောက်ပဲ။

ရွှယ်နမ် တဒိတ်ဒိတ် ခုန်နေသော နှလုံးသားနဲ့အတူ အံ့သြခြင်းများစွာဖြင့် လှည့်ကြည့်လိုက်ရာ သူနဲ့ မလှမ်းမကမ်းမှာ ရပ်နေတဲ့ အနက်ရောင် အရိပ်လေးကို တွေ့လိုက်ရလေသည်။ ရှင်းလန်ရှို့က သူ့ကိုပြုံးပြနေသည်။

ငါးလကျော်တွေ့နေကျ နေရောင်ခြည်ထက် တောက်ပတဲ့ အပြုံးတစ်ပွင့်ပင်။ ရွှယ်နမ်သည် ရှင်းလန်ရှို့ ပြန်ထွက်လာရင် သူဘယ်လိုပြေးဖက်ပြီး နမ်းပစ်မယ့်အကြောင်း အကြိမ်ပေါင်းမနည်း စဉ်းစားကြည့်ဖူးသည်။

သို့သော် ရှင်းလန်ရှို့ အမှန်တကယ် ပေါ်ထွက်လာတဲ့အခါမှာတော့ သူလုံးဝ မလှုပ်ရှားတော့ဘဲ ဓားကိုပဲ ကျစ်နေအောင် ဆုပ်ထားမိတော့သည်။

ရှင်းလန်ရှို့ အပြုံးတွေနဲ့ တစ်လှမ်းချင်း လှမ်းလာခဲ့သည်။ သူတွေ့နေရတဲ့ ကောင်လေးက ရွှယ်နမ်မှဟုတ်ရဲ့လား။ အရပ်ထွက်လာသလို ဆံပင်တွေလည်း ရှည်ကာ ချစ်စရာကလေး မျက်နှာလေး ပျောက်သွားပြီ။

ရပ်ရည်ချောမောပြီး ရင့်ကျက်တဲ့ လူငယ်တစ်ယောက်အသွင် ဖြစ်နေပြီ။ ဓားသိုင်းကြောင့် သူ့ရဲ့ဆံပင်တွေက ပုခုံးနှစ်ဖက်နဲ့ ကျောတွေမှာဝဲကျနေသည်။ လှပတဲ့ မျက်လုံးဝိုင်းလေးတွေက ရှင်းလန်ရှို့အား အံ့သြစွာ ငေး

ကြည့်နေသည်။

ရှင်းလန်ရှို့ရဲ့ အနက်ရောင် ဝတ်ရုံစတွေက လေနဲ့အတူလွင့်ပါရင်း နတ်ဘုရားဆန်သော အငွေ့အသက်တို့ကို ထုတ်လွှတ်နေသည်။

ရှင်းလန်ရှို့ ထိုကောင်လေးနားရောက်သည်နှင့် ကောင်လေးရဲ့ခါးနဲ့ လည်တိုင်ကိုဆွဲယူ၍ ပန်းနုရောင် နှုတ်ခမ်းပါးလေးအား ငုံ့နမ်းလိုက်တော့သည်။ ရင်းနှီးတဲ့ အနမ်းကြောင့် ရွှယ်နမ်မျက်လုံးတွေ မှိတ်ထားလိုက်သည်။

အနမ်းတွေကို အလိုက်သင့် တုံ့ပြန်နိုင်ဖို့ လက်ထဲကဓားကိုသိမ်းကာ ရှင်းလန်ရှို့ကို ပြန်ဖက်ထားလိုက်၏။ လျှာတစ်ခု သူ့အထဲကို ကျူးကျော်လာတော့ ရွှယ်နမ်ရုတ်တရက် တုန်သွားသည်။ ဒီအထိအတွေ့နဲ့ ဝေးကွာနေတော့ အခုက ပထမဆုံးအကြိမ်လို ပြန်ဖြစ်နေသည်။

နှုတ်ခမ်းတွေကြားမှ ညင်သာသော ငြီးသံတချို့ပင် ထွက်ပေါ်လာသေး၏။ ရွှယ်နမ်ကို မနက်စာစားဖို့ လာခေါ်တဲ့ မော့ယွီပင်းသည် ထိုမြင်ကွင်းကြောင့် သူ့မျက်လုံးတွေကိုပိတ်ကာ လမ်းတစ်ဝက်မှာပဲ လှည့်ပြေးရတော့သည်။

ရွှယ်နမ်ရဲ့ အတွင်းသားတစ်ခုလုံးကို သိမ်းပိုက်ပြီးတော့မှ ဖြည်းဖြည်းချင်း လွှတ်ပေးလိုက်၏။ သူက ရွှယ်နမ်နှုတ်ခမ်းအတွင်းက တစ်ခုတည်းသော အရာလေးကို အပြင်ဘက်ရောက်တဲ့အထိ ဆွဲခေါ်လာပြီးမှသာ လွှတ်ပေးလေသည်။

ရှင်းလန်ရှို့ သူ့ရှေ့ကမျက်လုံးဝိုင်းလေးကို အနီးကပ်ရှုစားနေစဥ် တစ်ဖက်မှ နူးညံ့သောအသံလေးတစ်သံ ထွက်လာသည်။

"ထွက်လာပြီပေါ့?"

"ကိုယ့်ကိုလွမ်းနေခဲ့တာလား?"

"နေ့တိုင်းပဲ...ရှို့ကောက ခဏလေးဆိုပြီး အကြာကြီးပဲလေ ကျွန်တော့်ကို တစ်နှစ်လောက် ပစ်ထားဖို့ ဆုံးဖြတ်ထားတာလား?"

ကောင်လေးအသံက သူ့ကိုကပ်ချွဲနေသလို အဓိပ္ပာယ်သက်ရောက် သော်လည်း အရင်လို ကလေးဆန်တဲ့ အပြုအမူမရှိတော့ဘဲ ချစ်သူကိုချွဲနေတဲ့ လူငယ်တစ်ဦးအသွင် ဖြစ်သွားပြီ။ ရှင်းလန်ရှို့ရွှယ်နမ်ကို လွှတ်လိုက်ပြီး။

"ကိုယ်လည်းမင်းကို လွမ်းနေခဲ့တာပါပဲ....နမ်နမ် အရပ်ရှည်လာတယ် နော်?"

"အင်း"

"ပြီးတော့ အရင်ကထက် ပိုလှလာတယ်"

ငါးလကျော်ငြိမ်သက်နေခဲ့တဲ့ နားရွက်များ အနီရောင်သမ်းသွားသည်။ ရွှယ်နမ်နှုတ်ခမ်းဆူပြလိုက်ပြီး။

"ကျွန်တော်က မိန်းကလေးမှ မဟုတ်တာကို...သေချာပေါက် ချောတယ်လို့ ပြောရမှာပေ့ါလို့..."

"မင်းအရမ်းချောလာတယ်"

ဒီတစ်ခါတော့ ရွှယ်နမ်ရဲ့ပါးတွေပါ ရဲတွက်လာတော့သည်။ ရှင်းလန်ရှို့ကတော့ တံခါးထဲကနေ ထွက်ထွက်ချင်း သူ့ကိုရှက်အောင် လုပ်နေပြန်ပြီ။ ရေကြည်တွေကြားက ကြာပန်းငယ်လို ပန်းရောင်သမ်းမျက်နှာနဲ့ ရွှယ်နမ်ကို ရှင်းလန်ရှို့ တစိမ့်စိမ့် ရပ်ကြည့်နေမိသည်။

ရွှယ်နမ်ကလည်း ရှင်းလန်ရှို့မျက်လုံးကို မော့ကြည့်လိုက် ပြန်ငုံ့သွားလိုက်ဖြင့် အကြိမ်ပေါင်းမနည်း ကစားပြီးနောက် ခြေဖျားထောက်ကာ ရှင်းလန်ရှို့ပါးကို နမ်းလိုက်တော့သည်။

"ကျွန် ကျွန်တော်တို့ မနက်စာ သွားစားကြရအောင်လေ...."

ရွှယ်နမ် သူ့ကိုယ်သူ အရှက်ပြေသွားအောင် စကားလမ်းကြောင်းလွှဲသွားမှန်း သိပါသည်။ ကောင်လေးက အရင်ကလို ကလေးနဲ့မတူတော့ဘဲ ရင့်ကျက်တဲ့ လူငယ်လေးလို ပုံစံက ရှင်းလန်ရှို့အား တစ်မျိုးတစ်ဖုံ ရင်ခုန်လှုပ်ရှားစေသည်။

ရွှယ်နမ် ပြုံးစိစိလုပ်ကာ ရှင်းလန်ရှို့ လက်ချောင်းတွေကို ဆုပ်ကိုင်လိုက်သည်။ စပြီးသဘောကျတုန်းကလိုပဲ မဝံ့မရဲလေး။ ရွှယ်နမ်လည်း သူ့လိုပဲ ရင်ခုန်လှုပ်ရှားနေတယ်လို့ ခံစားမိသည်။

"ရှို့ကော.... အပြင်လောကရဲ့ အစားအစာကို မစားရတာ ကြာပြီမလား? ကျွန်တော်နဲ့အတူ မနက်စာစားချင်လား"

"သေချာတာပေါ့"

သူတို့နှစ်ယောက် ထမင်းစားခန်းဘက်ကို လျှောက်လာခဲ့သည်။ တစ်ယောက်လက် တစ်ယောက်ဆွဲရင်း ခံစားချက်တွေကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟထားတဲ့ ပူပူနွေးနွေး ချစ်သူတွေလို ရင်ခုန်နေကြသည်။

***

(62)

[မော့ထန်းအိမ်တော်ကလူနှစ်ယောက်]

ရှင်းလန်ရှို့သည် ရွှယ်နမ်၊ မော့ယွီပင်းနဲ့အတူ မစားရတာကြာပြီဖြစ်တဲ့ မနက်စာကို အရသာရှိရှိ စားသုံးလိုက်သည်။ ရွှယ်နမ်ကသူ့ကို ခဏခဏ ဟင်းတွေထည့်ပေးနေတာကြောင့် ရှင်းလန်ရှို့လည်း ဗိုက်ကားသွား တော့သည်။

ရှင်းလန်ရှို့ တံခါးပိတ်ကျင့်ကြံပြီးလို့ ပြန်ထွက်လာချိန်တွင် မော့ထန်းအိမ်တော်မှ ဂိုဏ်းချုပ်ဟာလည်း ပုလ္လင်ပေါ်တွင် နေရာယူလျက် ရွှယ်အိမ်တော် အကြောင်းကို အစအဆုံး နားထောင်လျက်ရှိသည်။

တန်သိုက်မြို့ထဲတွင် ရွှယ်အိမ်ရဲ့ ခြံဝန်းက နှစ်ခုရှိလာပြီ။ ရွှယ်နမ်ရဲ့ ကုသသူဆိုတဲ့ နာမည်ကလည်း တစ်မြို့လုံးမှာ မရှိသလောက်ပဲ။ ဖြတ်သွားဖြတ်လာ ကျင့်ကြံသူများပင် ရွှယ်နမ်ကို သိနေကြပြီ။

ဒီကြားထဲ တချို့ကျင့်ကြံသူတွေက ရွှယ်နမ်ကို သူတို့ရဲ့သားသမီးတွေနဲ့ စေ့စပ်ပေးချင်ကြောင်း လမ်းဖောက်လာကြရာ ရွှယ်နမ်က သူ့တွင် လူတစ်ယောက် ရှိနေပြီးသားဖြစ်ကြောင်း ပြော၍ အားလုံးကို ငြင်းလွှတ်ခဲ့သည်။

အခု ရွှယ်နမ်ရဲ့လူသည် တန်သိုက်မြို့ လမ်းမထက်တွင် လူတစ်ယောက်ရဲ့ လက်ကို လိမ်ချိုး၍ ပစ်ပေါက်ထားလေပြီ။ နေ့ခင်းကြောင်တောင်ကြီး ကျင့်ကြံသူတစ်အုပ်နှင့် ရှင်းလန်ရှို့ တိုက်ပွဲတစ်ခု ဆင်နွှဲနေရသည်။

လူတစ်ယောက်က ထအော်၏။

"ငါတို့က တောင်ပိုင်း ကျင့်ကြံသူဂိုဏ်းက....မင်းငါတို့ကိုသတ်ရင် သေချာပေါက်...."

'ဝုန်း....'

ရွှေရောင်စွမ်းအင်လုံးကြီး ပြေးလာပြီး ထိုလူအား ခဏအတွင်း ဝါးမြိုစား သောက်ပစ်သည်။ ကျင့်ကြံသူတစ်အုပ်သည်လည်း ကြောက်လန့်သွား၏။

သူတို့က သူတို့သခင်လေးအတွက် ရွှယ်နမ်ကို လာဖမ်းကြတာ။ အမြဲ တစ်ယောက်တည်းသာ အပြင်ထွက်လာတတ်တဲ့ ရွှယ်နမ်က ဒီနေ့မှ လူတစ် ယောက် အပိုပါလာမယ်လို့ ဘယ်သူကထင်မှာလဲ။

ပြီးတော့ အဲဒီလူက အရမ်းလည်းအဆင့်မြင့်နေသေးသည်။ နောက်ဆုံး ကျန်ခဲ့သော ကျင့်ကြံသူ သုံးယောက်သည် နောက်လှည့်ထွက်ပြေးဖို့ လုပ် တော့၏။

'ဝှစ်......'

ရွှေကြိုးများ ပြေးလာ၍ သူတို့တစ်ကိုယ်လုံးကို ရစ်ပတ်ကာ မြေပြင်နှင့် တဗုန်းဗုန်း မိတ်ဆက်စေတော့သည်။ နို့နံမစင်သေးသော လူသုံးယောက် သည် ရှင်းလန်ရှို့လက်ထဲတွင် အကြိမ်ပေါင်းမနည်း ကိုင်ပေါက်ခံနေရ၏။

သူတို့က ရွှယ်နမ်ကိုခေါ်ဖို့ လာခဲ့ရင်း ရွှယ်နမ်ရဲ့ဘေးမှာ နောက်ထပ်လူ ချောလေးတစ်ယောက်ကို တွေ့တော့ ထိုလူချောလေးကိုပါ တစ်ခါတည်းခေါ် သွားဖို့ ကြံစည်လိုက်တာကနေ မှားခဲ့တာပဲ။

သူတို့ရဲ့သခင်လေးက သိုင်းလောကထဲ ပတ်လည်ရင်း တန်သိုက်မြို့ထဲကို ရောက်လာခဲ့ရာ နာမည်ကြီးနေတဲ့ ကုသသူကိုတွေ့ချင်သွား၏။ သို့နှင့် သူ စုံစမ်းလိုက်ပြီး ရွှယ်နမ်ထွက်လာမယ့် အချိန်ကို စောင့်ကြည့်နေခဲ့သည်။

အမှန်တကယ် ရွှယ်နမ်ပေါ်လာသောအခါ ကောင်လေးရဲ့ ချစ်စရာကောင်း

လွန်းတဲ့ ရုပ်ရည်ကြောင့် သူ့စိတ်သူမထိန်းနိုင်တော့ဘဲ ရွှယ်နမ်အား သူနဲ့ အတူလိုက်ခဲ့ဖို့ ပြောတော့သည်။ သို့သော် ရွှယ်နမ်က ငြင်းလိုက်၏။

လူတွေအများကြီးရှေ့မှာ အငြင်းခံလိုက်ရတာကြောင့် ထိုသခင်လေးမှာ အရှက်ရသွားသလို ရွှယ်နမ်ကို ရအောင်ယူမယ်ဆိုတဲ့ ရန်ငြိုးကိုလည်း တေး ထားလိုက်သည်။ သို့နှင့် အခုလိုသူ့ရဲ့တပည့်တွေကို စေလွှတ်လိုက်ခြင်းပင်။

ကံမကောင်းစွာနဲ့ပဲ သူ့တပည့်တွေက ရှင်းလန်ရှို့ လက်အောက်မှာ သေလု မျောပါးဖြစ်နေကြပြီ။

ရှင်းလန်ရှို့ လူတစ်ယောက်ကို သူ့လက်ဝါးထဲ ဆွဲယူလိုက်သည်။ ရွှေရောင် စွမ်းအားက ထိုလူရဲ့လည်ပင်းမှာ ရစ်ပတ်၍ ရှင်းလန်ရှို့ရှေ့ ရောက်တဲ့အထိ ဆွဲခေါ်သွား၏။ မြေပြင်မှာ ကျန်နေခဲ့တဲ့ နှစ်ယောက်ကတော့ သေသလား ရှင်သလား မသိရဘဲ ငြိမ်သက်နေသည်။

တန်သိုက်မြို့က ကျင့်ကြံသူများလည်း ရပ်နေရာမှ၊ သွားနေရင်းမှ သို့မဟုတ် စားသောက်ဆိုင်များထဲတွင် ထိုင်နေရာမှ သူတို့ရဲ့ပွဲကို ကြည့်နေ ကြသည်။ ရွှေရောင်စွမ်းအားကြောင့် အရင်က ရွှယ်နမ်ကို ပြဿနာရှာခဲ့ သူများမှာ တိတ်တဆိတ် တံတွေးမျိုချမိ၏။

ကံကောင်းလို့ သူတို့ရှင်းလန်ရှို့နဲ့ ထိပ်တိုက်မတွေ့သွားတာ။

ရှင်းလန်ရှို့ - "တောင်ပိုင်း ကျင့်ကြံသူဂိုဏ်းက ဟုတ်လား?"

သေးငယ်သော အသက်ကလေးကို ကြိုးစားပမ်းစား ပြန်ကယ်တင်နေရှာ သော လူငယ်သည် ရှင်းလန်ရှို့ကို ကြောက်ကြောက်လန့်လန့်နဲ့ကြည့်ရင်း သူ့ ခြေထောက်တွေကလည်း လေပေါ်မှာ ယက်ကန်ယက်ကန် ဖြစ်နေ၏။ သူက ကြောက်အားလန့်အားဖြင့် ခေါင်းညိတ်ပြရင်း။

"ဟုတ် ဟုတ်တယ်.... "

"မင်းသခင်က ဘယ်သူလဲ?"

"သခင်လေး ကျားချင်ပါ...."

"ကောင်းပြီ မင်းသခင်ကို ပြန်ပြောလိုက်!! ကိုယ့်အသက်ကို ကာကွယ်ဖို့ သေချာပြင်ဆင်ထားလို့...."

ရှင်းလန်ရှို့ လွှတ်လိုက်သောအခါ ထိုလူသည်ဘုတ်ကနဲ ပြုတ်ကျသွားပြီးတော့ သူ့အဖော်တွေကိုတောင် ဆွဲမခေါ်နိုင်တော့ဘဲ ထွက်ပြေးသွားတော့သည်။ အာရုံစိုက်နေကြသူများလည်း ရှင်းလန်ရှို့ဆီက ထွက်လာတဲ့ ထူးဆန်းသော ခြိမ်းခြောက်မှုကို ခံစားမိသွားသည်။

အသီးသီး မျက်နှာလွှဲခေါင်းငုံ့သွားကြသလို တချို့ကလည်း သူတို့အပေါ်ကို ပို၍ပင်စိတ်ဝင်စားလာကြလေသည်။ အထူးသဖြင့် ရှင်းလန်ရှို့ကို။ နတ်မျိုးနွယ်က ဘယ်လိုလုပ် မိစ္ဆာကျင့်ကြံသူလေးကို ဒီလောက်တောင် တန်ဖိုးထားနေတာလဲ။

ရှင်းလန်ရှို့ အနောက်ပြန်လှည့်ကြည့်တော့ ဝတ်ရုံအစိမ်းနုနဲ့ လူငယ်လေးကို သူ့အား အလွန်သဘောကျစွာ ကြည့်နေတာကို တွေ့လိုက်ရသည်။ ကျင့်ကြံသူတို့တိုက်ပွဲ ပြီးသွားတာနဲ့ မြို့သားတွေလည်း ကိုယ့်အလုပ်ကို ဆက်လုပ်ကြသည်။

ရှင်းလန်ရှို့လည်း ပြုံးစိစိလုပ်နေသူလေးရဲ့ နှာခေါင်းကို ညှစ်ပစ်လိုက်ပြီး အသည်းယားတဲ့ လေသံဖြင့် မေးလိုက်သည်။

"ဘာတွေမွှေထားတာလဲ?"

ရွှယ်နမ် သဘောကျကျနဲ့ သူ့နှာခေါင်းကို ကုတ်လေသည်။

"ကျွန်တော် ဘာမှမမွှေပါဘူးနော်... အဲဒါ ကျွန်တော်က အရမ်းချစ်စရာကောင်းနေလို့ သူတို့ဘာသာ သဘောကျကြတာ။ ကျွန်တော်က သဘောကျ

ဖို့ မတောင်းဆိုပါဘူးနော်?"

"အိုး....အဲ့တော့အခု ကိုယ်သူတို့ကိုသတ်ပစ်လုနီးပါး ဖြစ်သွားတာကို မင်း စိတ်ဆိုးလား?"

ရှင်းလန်ရှို့ရဲ့ လေသံက ပျော့နေပါသော်လည်း သူအဲဒီဟာကို စိတ်ဆိုးနေတယ်ဆိုတာ ရွှယ်နမ် ခံစားမိလေ၏။ စိတ်ဆိုးနေတဲ့ အငွေ့အသက်က ရှင်းလန်ရှို့မှာ မထွက်လာဖူးလို့ အခုအချိန်မှာ ရွှယ်နမ်အတွက် အထူးအဆန်း ဖြစ်နေသည်။

ရှင်းလန်ရှို့ တံခါးပိတ်ကျင့်ကြံပြီးမှ တစ်ခုခု ပြောင်းလဲသွားသလိုပဲ။ ပိုသဝန်တိုတတ်လာတယ်။ ရွှယ်နမ် ပြုံးစိစိလေးလုပ်၍ ရှင်းလန်ရှို့ လက်မောင်းကို ပြေးဖက်လိုက်သည်။ ပြီးနောက် ပုခုံးကိုမှီလိုက်သည်။

"ကျွန်တော်က ရှို့ကောတစ်ယောက်ကိုပဲ မွေချင်တာ...."

"အရူးလေး...."

ရှင်းလန်ရှို့ ရွှယ်နမ်နဖူးကို ဖွဖွလေး တောက်လိုက်ပြီးနောက် မြို့ထဲပတ်လည်ဖို့ စတင်လိုက်သည်။

ရွှယ်နမ် - "ကျွန်တော်ကုသပေးလိုက်တဲ့ ပေ့အိမ်တော်က သခင်လေးက အခုဆိုရင် အခြေတည်အဆင့်ကိုတောင် စကျင့်ကြံနိုင်ပြီ။ အရှေ့ဖက်က ကျွန်တော်တို့ရဲ့ဆေးဆိုင်မြေကွက်ကလည်း ကောင်းနေပြီ...."

"အားနမ် ပင်ပန်းသွားပြီ... "

"ဟားဟား ကျွန်တော်က သိပ်တောင်အားမစိုက်ရပါဘူး....အခုတလော မော့ထန်းအိမ်တော်ကလည်း သတင်းတချို့ကြားနေရတယ် ဦးလေးသူတို့လူကို သတ်လိုက်ပြီးနောက် သူတို့ကျွန်တော့်ကို ပြဿနာလာမရှာတော့ဘူး....တံခါးပိတ်ကျင့်ကြံနေတဲ့ ဂိုဏ်းချုပ် ပြန်ထွက်လာပြီတဲ့ ပြီးတော့ မ

ကြာခင်မှာ ကျွန်တော်တို့ကိုသတ်ဖို့ လူတောင်လွှတ်နိုင်တယ်"

"အခုပဲ ရောက်လာပြီလေ"

ရှင်းလန်ရှို့က ပြောပြီးနောက် သွားနေရာမှ ရပ်တန့်သွားသည်။ ရွှယ်နမ်သူတို့ရဲ့ရှေ့တည့်တည့်ကို ကြည့်လိုက်သောအခါ သွားလာနေသူများကြားမှ သူတို့ကို စိုက်ကြည့်နေသော လူနှစ်ယောက်ကို တွေ့လိုက်ရလေသည်။

ရွှယ်နမ်ရဲ့ နှုတ်ခမ်းထောင့်စွန်းတို့ ကွေးညွတ်သွား၏။

"ရောက်လာပြီပေါ့?"

အဝါရောင်ဝတ်ရုံစများ လေထဲတွင် လွင့်မျောနေသော လူနှစ်ယောက်ထဲက တစ်ယောက်ထဲသည် ခြေတစ်လှမ်း လှမ်းလာခဲ့သည်။ သူ့ရဲ့ခြေလှမ်းတွင် ဝိညာဥ်စွမ်းအင်တို့ ပါဝင်လေရာ လေထုလှိုင်းတစ်ခုက ဝန်းကျင်ကို ဖြာထွက်သွားသည်။

မြို့သားတွေလည်း ဒါတွေကို ရင်းနှီးနေပြီဖြစ်တာကြောင့် ချက်ချင်းပဲ ဘေးကိုပြေးထွက်သွားကုန်၏။

ဘာလို့ဒီလူတွေရဲ့ သိုင်းပညာဖလှယ်တဲ့ အချိန်တွေက ဆက်တိုက်ဆိုသလို ဖြစ်နေရတာလဲ။ သူတို့ကို ကောင်းကောင်းမွန်မွန်လေး လည်ပတ်ခွင့်မပေးနိုင်ဘူးလား။

ရွှယ်နမ်၏ လက်ချောင်းများသည် ရှင်းလန်ရှို့လက်မောင်းမှနေ၍ တဖြည်းဖြည်းချင်း လျှောကျသွားကာ ရှင်းလန်ရှို့လက်ချောင်းများအား ဆုပ်ကိုင်လိုက်သည်။ ရှင်းလန်ရှို့ကလည်း ရွှယ်နမ်ရဲ့ လက်ချောင်းတွေကို ဖျစ်ညှစ်ပေးရင်း။

"ကိုယ်ရှိတယ်......"

တစ်ဖက်မှာရှိသော လူများသည် ဧကရာဇ်အဆင့် ကြယ်ဖြပွင့်တွေ ဖြစ်ကြ

သည်။ အကယ်၍ ကြယ်တစ်ပွင့်သာ ထပ်ထိုးဖောက်လိုက်ရင် သူတို့က ကောင်းကင်အဆင့်ကို ရောက်တော့မယ့် လူတွေပဲ။

ထို့ကြောင့် သူတို့ခြေလှမ်းကြောင့် ဖြစ်ပေါ်လာသော လေလှိုင်းသည် ရှင်းလန်ရှို့ နဲ့ ရွှယ်နမ်တို့ရဲ့ ဝတ်ရုံစတွေကို တဖျတ်ဖျတ် လွင့်မျောစေ၏။ တစ်ဖက်က တဖြည်းဖြည်းချင်း ချဉ်းကပ်လာပြီးနောက် ရုတ်တရက် ဖျတ်ကနဲ ပျောက်သွားကြသည်။

ရွှယ်နမ် လက်တစ်ဖက်မှ ဓားတစ်လက်ကို ထုတ်ယူမည်အလုပ် လူနှစ်ယောက်သည် သူတို့၏ ဘယ်နှင့်ညာမှာ ပေါ်လာ၏။ နှစ်ယောက်လုံးက ဓားကိုင်လျက် သူတို့ဆီတိုက်ခိုက်လာသည်။

ထိုစဉ် ရှင်းလန်ရှို့သည် မြေကြီးကို ခြေတစ်ဖက်စောင့်လိုက်သည်။ ရွှေရောင်စွမ်းအားတို့ ပေါက်ထွက်လာကာ လူနှစ်ယောက်ကို ချက်ချင်း နောက်ဆုတ်သွားစေ၏။ ပထမလူက အနောက်ဆုတ်ရင်း သစ်သားတိုင် တစ်လုံးကို ကန်၍ ရှင်းလန်ရှို့ဆီ ပြန်ပြေးလာသည်။

ရှင်းလန်ရှို့ ရွှေကြိုးကိုထုတ်၍ ပထမလူအား တိုက်ခိုက်တော့သည်။ ထိုအခါ ဒုတိယလူဟာလည်း ရွှယ်နမ့်ထံ ပြေးလာ၏။ ရွှယ်နမ်လည်း ဓားထုတ်ကာ ထိုလူအား တိုက်ခိုက်တော့သည်။ သို့သော် တစ်ဖက်က ဧကရာဇ်အဆင့် ဖြစ်နေတဲ့အတွက် ရွှယ်နမ် အထူးသတိထားရသည်။

ပထမလူသည် ကောလဟာလထဲကအတိုင်း ရွှေကြိုးနဲ့ တိုက်ခိုက်ခံနေရတာကြောင့် သတိထားရင်း အလျင်မြန်ဆုံး ဓားသိုင်းများကို ထုတ်သုံးနေသည်။ သူ့ရဲ့အလွန်မြန်သော ဓားအလင်းများကို ရွှေကြိုးက ခပ်သာသာ လေးသာ ရိုက်ထုတ်သွားနိုင်တာကို တွေ့ရ၏။

ပထမလူလည်း မျက်နှာပျက်သွားသည်။

'ဝုန်း......'

ဝိညာဥ်စွမ်းအင် ပေါက်ကွဲသံကြောင့် ရှင်းလန်ရှို့ လှည့်ကြည့်လိုက်သော် ဒုတိယလူသည် ရွှယ်နမ်အား ရိုက်ထုတ်ပစ်တာကို တွေ့လိုက်ရသည်။ လွှတ်လပ်သော ရွှေကြိုးတစ်ချောင်းက ရွှယ်နမ့်ခါးကို ပြေးရစ်လိုက်သည်။

ထို့နောက် ရွှယ်နမ့်ကို လမ်းမအလယ်၌ ပြန်ချပေးလိုက်သည်။ ထိုစဥ် လူနှစ်ယောက်လုံးသည် ရှင်းလန်ရှို့ထံ တစ်ပြိုင်နက်တည်း ပြေးလာကြသည်။ သူတို့ရဲ့ပစ်မှတ်က ရွှယ်မျိုးနွယ်ဖြစ်သော်ငြား ရွှယ်နမ်ကို လိုချင်ရင် ရှင်းလန်ရှို့ကိုအရင် ရင်ဆိုင်ရမည်။

လူနှစ်ယောက် တစ်ပြိုင်တည်း ဝင်လာစဥ် ရှင်းလန်ရှို့လည်း လေထုအလယ် ခုန်တက်သွားသည်။ လူနှစ်ယောက်ကလည်း သူ့နောက်က လိုက်ကြ၏။ ဓားအလင်းတွေက ရှင်းလန်ရှို့ဘေးမှာ အဆက်မပြတ် ပြေးလွှားနေသည်။

ပထမလူ - "လူသတ်အစီအရင်ဖော်....."

ဒုတိယလူ - "ကောင်းပြီ"

သူတို့သည် အိမ်အမိုးတစ်ခုပေါ်တွင် ရပ်တန့်လိုက်ပြီး သူတို့ရဲ့ဓားတွေကို ကောင်းကင်သို့ ပစ်မြှောက်လိုက်၏။ ဓားနှစ်လက်သည် ဘယ်ညာဝဲ့ယမ်းရင်း ပြေးတက်သွားကာ လေထုအလယ်၌ ဓားထိပ်ချင်း ထိတွေ့သွားသည်။

'ဗုန်း.....'

ဓားချင်းထိသော် အဝါရောင် အစီအရင်စက်ကွင်းတစ်ခု ပေါ်လာလေ၏။ ထိုအခိုက်မှာ မြေကြီးပေါ်ရှိ ရွှယ်နမ်မှာလည်း လူနှစ်ယောက်နဲ့အတူ ပါလာသော အဆင့်နိမ့်တပည့်တွေနဲ့ တိုက်ခိုက်နေရသည်။

ရှင်းလန်ရှို့ မျက်မှောင်ကျုံ့ပြီး ရွှေကြိုးတစ်ချောင်း ပစ်လွှတ်မည်အလုပ်မှာ

ပဲ အဝါရောင်စက်ကွင်းက ကောင်းကင်မှဆင်းလာပြီး သူ့အား ဖုံးအုပ်လိုက်သည်။ စက်ကွင်းက အားကောင်းလှသည်။

လူသတ်အစီအရင်ဆိုတဲ့ နာမည်နဲ့လိုက်ဖက်အောင် စွမ်းအင်တစ်ခုက စက်ကွင်းထဲရှိလူ၏ အသွေးအသားများကို အငြိုးကြီးစွာ စားသုံးနေသကဲ့သို့ အင်မတန် နာကျင်စေသည်။ ရှင်းလန်ရှို့သည် ရွှေကြိုးဖြင့် သူ့ခေါင်းပေါ်က စက်ကွင်းကို ရိုက်လိုက်သည်။

"ပျက်စေ....."

'ဝုန်း.....'

အဝါရောင်စက်ကွင်းကြီး ပျက်စီးသွားသည်။ ဧကရာဇ်အဆင့် လူနှစ်ယောက်လည်း ထိတ်လန့်သွားကာ ပြန်ကျလာတဲ့ သူတို့ရဲ့ဓားကို ပြန်ဆွဲ၍ ဒုတိယတိုက်ပွဲကို စတင်တော့သည်။ ရှင်းလန်ရှို့ကတော့ မြေပြင်သို့ ပျံသန်းသွား၏။

သူမြေကြီးပေါ် ခြေချလိုက်တာနဲ့ ရွှေရောင်စွမ်းအင်တို့ အရှိန်အဟုန်ပြင်းပြင်း ဖြာထွက်သွားကာ အဆင့်နိမ့်တပည့်များ လွင့်သွားကုန်သည်။ ရှင်းလန်ရှို့ ဓားကိုင်ထားတဲ့ ရွှယ်နမ်ကိုခါးကနေ ပွေ့ဖက်လိုက်ကာ အိမ်ခေါင်မိုးထက်သို့ ခေါ်သွားသည်။

ခေါင်မိုးထက်မှာတော့ လူနှစ်ယောက်က အသင့်စောင့်နေ၏။ သူတို့က အခြေအနေမကောင်းရင် နှစ်ယောက်လုံးကို သတ်ပစ်လိုက်ဖို့ အမိန့်ရထားတာကြောင့် အပြင်းအထန် တိုက်ခိုက်ကြသည်။ ရှင်းလန်ရှို့ကလည်း ရွှယ်နမ်ကိုဖက်လျက် လေထုအလယ်တွင် လျင်မြန်စွာ ရှောင်နေ၏။

ရွှယ်နမ် - "ဒီအတိုင်းသွားလို့ မဖြစ်တော့ဘူး....ရှို့ကော "

"ကောင်းပြီ ကိုယ်နားလည်ပြီ"

ရှင်းလန်ရှို့ အိမ်အမိုးတစ်ခုပေါ်တွင် ရပ်တန့်လိုက်ကာ ရွှယ်နမ်အား သူ့အနောက်တွင် ထားလိုက်သည်။ ပြီးနောက် ရုတ်တရက် ရွှယ်နမ့်အနားမှ ပျောက်သွား၏။

သူတို့နောက်ကို လိုက်လာသော လူနှစ်ယောက်လည်း ရှင်းလန်ရှို့ ပျောက်သွားတာကြောင့် တစ်ခုခုကို သံသယဝင်ကာ ရပ်သွားကြသည်။ ထိုစဥ် ရှင်းလန်ရှို့က သူတို့အနောက်မှာ ပေါ်လာပြီး ပြင်းထန်သော လက်ဝါးစွမ်းအင်ဖြင့် ရိုက်ပစ်လိုက်သည်။

***